**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(လမ်းမကြီးများဆိုင်ရာ နည်းဥပဒေများ)**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၂**

**ရန်ကုန်မြို့၊ ၁၃၆၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်**

**(၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)**

**[ ပြင်ဆင် : 13.08.2015 ]**

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လမ်းမကြီးများဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **လမ်းမကြီးများဆိုင်ရာ နည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် လမ်းမကြီးများဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **သက်ဆိုင်ရာ လမ်းဦးစီးဌာန** ဆိုသည်မှာ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် လမ်းဦးစီးဌာနတို့ကိုဆိုသည်။

(ခ) **အဆောက်အအုံ** ဆိုသည်မှာ ဆောက်လုပ်ရေး ပစ္စည်းတစ်ခုခုဖြင့် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ဆောက်လုပ်သည့် အိမ်၊ တိုက်၊ တဲ၊ တစ်ဖက်ယပ်၊ အမိုးပါရှိသော အခြားအဆောက်အအုံ သို့မဟုတ် ယင်း တို့၏ အစိတ်အပိုင်းကို ဆိုသည်။
<ပြင်ဆင် 13.08.2015>

## အခန်း (၂)
## လမ်းမကြီးများနှင့် လမ်းနယ်နိမိတ်များ သတ်မှတ်ခြင်း

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍-

(က) လမ်းမကြီးများကို သတ်မှတ်ကြေညာရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်ကြေညာရာတွင် လမ်းမကြီးအမျိုးအစားနှင့် အဆင့်အလိုက် လမ်းနယ်နိမိတ်များကို သတ်မှတ်ရမည်။

၄။ လမ်းဦးစီးဌာနသည်–

(က) လမ်းမကြီး၏ အကျယ်နယ်နိမိတ်အတွင်း၌ လမ်းမကြီးအရှည် မိုင်တိုင်နှင့် လမ်းနယ်နိမိတ် အဆုံး တစ်ဖက်တစ်ချက်တွင် လမ်းနယ်မှတ်တိုင်များ၊ လမ်းညွှန်အမှတ်အသားများ၊ သတိပေးဆိုင်းဘုတ်များ စိုက်ထူထားရမည်။

(ခ) လမ်းမကြီးအမျိုးအစားနှင့် အဆင့်အလိုက် လမ်းပခုံးအကျယ်ကို သတ်မှတ်နိုင်သည်။ <ပြင်ဆင် 13.08.2015>

## အခန်း (၃)
## လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း

၅။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည်–

(က) လမ်းမကြီးများဖောက်လုပ်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် အထူးစီမံကိန်း များကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ရမည်။

(ခ) အိမ်နီးနားချင်းနိုင်ငံများနှင့် ဆက်သွယ်သည့်လမ်းမကြီးများ ဖောက်လုပ်ရန် လိုအပ်ပါက အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ ဖောက်လုပ်ရမည်။

(ဂ) လမ်းမကြီးများဖောက်လုပ်ရေးစီမံကိန်းများကို သတ်မှတ်လျာထားချက်များနှင့်အညီ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ရမည်။

(ဃ) လမ်းမကြီးများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများ ပြုလုပ်ရာတွင်လိုအပ်ပါက တည်ဆဲဥပဒေ များနှင့်အညီ မြေသိမ်းယူခြင်းနှင့် အဆောက်အအုံဖယ်ရှားခြင်းများကို သက်ဆိုင်ရာအစိုးရ ဌာန အဖွဲ့အစည်းများ နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(င) နည်းဥပဒေခွဲ (ဃ) အရ ဆောင်ရွက်ရာတွင် လျော်ကြေးပေးရန် ကိစ္စ၊ လျော်ကြေးနှုန်း သတ်မှတ်ရေး ကိစ္စများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(စ) လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၆။ လမ်းဦးစီးဌာနသည်–

(က) `ဆောက်လုပ်ရေးဝန်ကြီးဌာနက ချမှတ်သည့် လမ်းမကြီးများ ဖောက်လုပ်သည့် နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် အထူးစီမံကိန်းများကို သတ်မှတ်လျာထားချက်အတိုင်း အကောင် အထည်ဖော် ဆောင်ရွက် ရမည်။

(ခ) ဖောက်လုပ်ထားသည့် လမ်းမကြီးများ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ခြင်း၊ ထိန်းသိမ်း ခြင်းနှင့် စစ်ဆေးခြင်းများ ဆောင်ရွက်ရမည်။

(ဂ) လမ်းမကြီးများ ပျက်စီးခြင်းမရှိစေရန် တားမြစ်ချက်ဆိုင်းဘုတ်များကို စိုက်ထူထားရမည်။

(ဃ) လမ်းမကြီး၏နယ်နိမိတ်အတွင်း ဈေးဆိုင်ခင်းကျင်း၍ဖြစ်စေ၊ ကုန်စည်များစုပုံ၍ဖြစ်စေ ဈေး ရောင်းချခြင်းကိစ္စကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(င) လမ်းမကြီးများ၏ နယ်နိမိတ်အတွင်း လိုအပ်သောသစ်ပင်များကို သတ်မှတ်သည့် နည်းစနစ်အတိုင်း စိုက်ပျိုးပြီး အန္တရာယ်ရှိသော သစ်ပင်များကို ရှင်းလင်းဖယ်ရှားရမည်။

(စ) လမ်းမကြီးများ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာလမ်းဦးစီးဌာနများ၏ တင်ပြချက်အပေါ် အဆုံးအဖြတ်ပေးရမည်။ လိုအပ်ပါက ဆောက်လုပ်ရေးဝန်ကြီးဌာန သို့တင်ပြရမည်။

(ဆ) လမ်းမကြီးအသစ်များဖောက်လုပ်ရေးအတွက် လမ်းအူကြောင်း ရှာဖွေခြင်း၊ တိုင်းတာပုံထုတ်ပေးခြင်း၊ လမ်းသားတည်ဆောက်ပေးခြင်း နှင့် စပ်လျဉ်းသည့် လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်ရမည်။

(ဇ) လမ်းပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများနှင့် အထွေထွေစီမံကိန်းများ ချမှတ်နိုင်ရန်အတွက် လိုအပ်မည့် မှတ်တမ်းမှတ်ရာများနှင့် အချက်အလက်များကို စုဆောင်းထားရှိရမည်။

(ဈ) လမ်းမကြီးများဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာဖလှယ် ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်သည်။
<ပြင်ဆင် 13.08.2015>

၇။ လမ်းဦးစီးဌာနသည် လမ်းမကြီးများ တိုးချဲ့ရာတွင် လည်းကောင်း၊ ပြုပြင်ရာတွင် လည်းကောင်း၊ လမ်းမကြီးတစ်ခုလုံးကို ဖြစ်စေ၊ လမ်းမကြီး၏ အစိတ်အပိုင်းကိုဖြစ်စေ ဖြတ်သန်းသွားလာခြင်းကို အချိန်ကာလ သတ်မှတ်၍ ပိတ်ထားနိုင်သည်။ ထိုသို့ ပိတ်ထားချိန်တွင် သွားလာရန် လမ်းလွှဲဖောက်လုပ်ပေးပြီး သင့်လျော်သည့် နေရာများတွင် သတိပေးဆိုင်းဘုတ်များ စိုက်ထူထားရမည်။
<ပြင်ဆင် 13.08.2015>

၈။ လမ်းဦးစီးဌာနသည် လမ်းလွှဲဖောက်လုပ်ခြင်း မပြုနိုင်မီ ကိစ္စတစ်ခုခုကြောင့် လမ်းပိတ်ထားရန်အကြောင်းပေါ်ပေါက်ပါက ကြိုတင်မခန့်မှန်းနိုင်သောကိစ္စမှအပ အများပြည်သူ သိရှိစေရန်ကြိုတင်ကြေညာရမည်။
<ပြင်ဆင် 13.08.2015>

၉။ (က) အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခုသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မိမိ၏လုပ်ငန်းလိုအပ်ချက်အရ လမ်းမကြီးကို ဖြတ်သန်း၍မြေပေါ်မြေအောက် ပိုက်လိုင်းဆက်သွယ်ခြင်း၊ မြေပေါ်မြေအောက် လျှပ်စစ်ဓာတ်အားလိုင်းဆက်သွယ်ခြင်း၊ မြေပေါ်

မြေအောက် ကြေးနန်းလိုင်းဆက်သွယ်ခြင်း သို့မဟုတ် မြောင်းဖောက်လုပ်ခြင်း စသည်တို့ကို ပြုလုပ်လိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းရ မည်။

(ခ) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက် ရရှိပါက ပြုလုပ်မည့်အစီအစဉ်နှင့် အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း လမ်းဦးစီးဌာနမှ တစ်ဆင့်လမ်းဦးစီးဌာန၏ ခွင့်ပြုချက်ကို ရယူ၍ ဆောင်ရွက်ရမည်။

<ပြင်ဆင် 13.08.2015>

## အခန်း (၄)

## လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများကို စီးပွားရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ကိုင်ဆောင်ရွက် ခွင့်ပြုခြင်း

၁၀။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နှစ်တိုနှစ်ရှည်စီမံကိန်းနှင့် အထူးစီမံကိန်းများအရ ဆောင်ရွက်သော လမ်းမကြီးများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်သော လမ်းမကြီးများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေအရ လမ်းနှင့်တံတားအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းများကို စီးပွားရေး အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ရန်ရှိလျှင်သော်လည်းကောင်း၊ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန်ရှိလျှင်သော်လည်းကောင်း လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခွင့်ပြုမည့် လမ်းမကြီးများနှင့်သက်ဆိုင်သည့် လိုအပ်သော အချက်အလက်များကို ဖော်ပြ၍ အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၁၁။ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦးဦးသည် လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေအရ လမ်းနှင့်တံတားအသုံးပြုခ ကောက်ခံခြင်းဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတော်နှင့် ဖက်စပ် လုပ်ကိုင် ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ စီးပွားရေးအဖွဲ့အစည်းတစ်ခုချင်း သို့မဟုတ် ပုဂ္ဂလိက လုပ်ငန်းရှင် တစ်ဦးချင်းအနေဖြင့် လုပ်ကိုင်ဆောင်ရွက်လိုလျှင် ဖြစ်စေ ခွင့်ပြုချက်ရရှိရန် အောက်ပါအချက်များကို ဖော်ပြ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်–

(က) လျှောက်ထားသည့် အဖွဲ့အစည်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်အမည်၊ နေရပ်လိပ်စာ၊ စီးပွားရေး လုပ်ငန်း အမျိုးအစားနှင့် တည်ရှိရာ အရပ်ဒေသ၊

(ခ) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသည့် လမ်းမကြီး၏ လမ်းအကျယ်၊ အရှည်နှင့် တည်နေရာ၊

(ဂ) မတည်ငွေရင်းနှင့် ရင်းနှီးမြှုပ်နှံမည့် ခန့်မှန်းခြေ ငွေကြေးပမာဏ (ပြည်တွင်းသုံးငွေ၊ နိုင်ငံခြားသုံးငွေ)၊

(ဃ) ငွေရေးကြေးရေးအစီအစဉ်နှင့် ပိုင်ဆိုင်မှု အထောက်အထားများ၊

(င) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသည့် နှစ်ကာလ အပိုင်းအခြား၊

(စ) ခန့်မှန်းခြေ ဝင်ငွေနှင့် ကုန်ကျစရိတ်၊

(ဆ) အရင်းကျေကာလ၊

(ဇ) လုပ်ငန်းတွင်အသုံးပြုရန် လိုအပ်မည့်စက်ယန္တရား အမျိုးအစား၊ အရေအတွက်၊ စက်သုံးဆီ လိုအပ်ချက်နှင့် ဝယ်ယူတင်သွင်းမည့် အစီအစဉ်၊

(ဈ) လမ်းနှင့်တံတားအသုံးပြုခ ကောက်ခံရငွေစုစုပေါင်းမှ နိုင်ငံတော်သို့ပေးသွင်းမည့် ရာခိုင်နှုန်းနှင့် နှစ် အပိုင်းအခြား၊

(ည) လမ်းဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းလုပ်ကိုင်ခြင်း တို့နှင့် စပ်လျဉ်း၍ ကျွမ်းကျင်မှုနှင့်လုပ်ငန်းအတွေ့အကြုံဆိုင်ရာ အချက်အလက်များ။

၁၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၁၁ အရ လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် လမ်းနှင့်တံတား အသုံးပြုခကောက်ခံခြင်း လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုရန် လျှောက်ထားချက်ကိုစိစစ်ပြီး–

(က) စီးပွားရေးအဖွဲ့အစည်းတစ်ခုခုနှင့်ဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးဦးနှင့် ဖြစ်စေ စည်းကမ်းချက်များသတ်မှတ်၍ ပဋိညာဉ်စာချုပ်ချုပ်ဆိုစေပြီး ဖက်စပ်လုပ်ကိုင် ဆောင်ရွက်ခွင့် ပြုနိုင်သည်။

(ခ) စီးပွားရေးအဖွဲ့အစည်း တစ်ခုခုအားဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ စည်းကမ်းချက် များသတ်မှတ်၍ ပဋိညာဉ်စာချုပ် ချုပ်ဆိုစေပြီး ရာခိုင်နှုန်းပြည့်လုပ်ငန်း လုပ်ကိုင်ဆောင် ရွက်ခွင့် ပြုနိုင်သည်။

၁၃။ လမ်းဦးစီးဌာနသည် နည်းဥပဒေ ၁၂ အရ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော သို့မဟုတ် ပုဂ္ဂလိကအား ရာခိုင်နှုန်းပြည့် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခွင့်ပြုသော စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်နှင့် ပဋိညာဉ်စာချုပ် ချုပ်ဆိုရမည်။

<ပြင်ဆင် 13.08.2015>

၁၄။ နည်းဥပဒေ ၁၃ အရ ပဋိညာဉ်စာချုပ်ချုပ်ဆိုပြီးသော စီးပွားရေး အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ် သည်–

(က) မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရဖြစ်စေ၊ ပြည်ထောင်မြန်မာနိုင်ငံ နိုင်ငံခြား ရင်နှီးမြှုပ်နှံမှု ဥပဒေအရဖြစ်စေ အာမခံချက်၊ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် တို့ကို ရရှိခံစားလိုပါက ခွင့်ပြုမိန့်ရရှိရေးအတွက် အဆိုပြုချက်ကိုဖော်ပြ၍ ဆောက်လုပ်

ရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ လျှောက်ထားရမည်။ ထိုသို့လျှောက်ထားရာတွင် ဆောက် လုပ်ရေး ဝန်ကြီးဌာနက နည်းဥပဒေ ၁၂ အရ ထုတ်ပေးသောခွင့်ပြုချက်နှင့်အတူ နည်းဥပဒေ ၁၃ အရ ချုပ်ဆိုသော ပဋိညာဉ်စာချုပ်ကို ပူးတွဲတင်ပြရမည်။

(ခ) ခွင့်ပြုချက်ပါ စည်းကမ်းချက်များနှင့် ပဋိညာဉ်စာချုပ်ပါ သဘောတူညီချက်များကို လိုက်နာရမည်။

(ဂ) ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းနှင့်တံတား အသုံးပြုခ ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုထားသော ယာဉ်များကို လမ်းနှင့်တံတားအသုံးပြုခကောက်ခံခြင်းမပြုရ။

## အခန်း (၅)

## လမ်းမကြီးကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း

၁၅။ လမ်းမကြီးကိုဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း ပြုလုပ်လိုသူသည် ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ လမ်းဦးစီးဌာနသို့ လျှောက်ထားရမည်။
<ပြင်ဆင် 13.08.2015>

၁၆။ သက်ဆိုင်ရာ လမ်းဦးစီးဌာနသည် နည်းဥပဒေ ၁၅ အရ လျှောက်ထားချက်ကို စိစစ်ပြီး လမ်းမကြီးတွင် ယာဉ်အသွားအလာနှင့် အများပြည်သူတို့၏ သွားလာမှုကို အနှောင့်အယှက် သော်လည်းကောင်း၊ ထိခိုက်ခြင်းသော်လည်းကောင်း မဖြစ်စေရန် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြု ချက် ထုတ်ပေးနိုင်သည်။
<ပြင်ဆင် 13.08.2015>

၁၇။ လမ်းဦးစီးဌာနသည် လမ်းမကြီးကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း အတွက်လည်းကောင်း၊ လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း အတွက် လည်းကောင်း နည်းဥပဒေ ၁၆ အရ ခွင့်ပြုချက်ထုတ်ပေးရာတွင် ဒေသ အခြေအနေနှင့် လုပ်ငန်းအမျိုးအစားကို မူတည်၍ ခွင့်ပြုရမည့်ကာလကို သတ်မှတ်ပေးရမည်။
<ပြင်ဆင် 13.08.2015>

၁၈။ လမ်းမကြီးကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခွင့်၊ ဆောက်လုပ်ခွင့် သို့မဟုတ် လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခွင့် ရရှိသူသည်–

(က) လမ်းဦးစီးဌာန၏ ခွင့်ပြုချက်နှင့်အညီ ဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ် ခြင်း ပြုရာတွင် ယာဉ်နှင့် အများပြည်သူတို့၏ သွားလာမှုကို အနှောင့်အယှက်သော်လည်း ကောင်း၊ ထိခိုက်ခြင်းသော်လည်းကောင်း မဖြစ်စေရန် ဆောင်ရွက်ရမည်။

(ခ) ဆောက်လုပ်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခွန်အခကို ပေးဆောင်ရမည်။

(ဂ) လမ်းဦးစီးဌာနက ထုတ်ပေးသော ခွင့်ပြုချက်ကို အများပြည်သူ မြင်သာသည့် နေရာတွင် ချိတ်ဆွဲထားရှိရမည်။

(ဃ) မိမိ၏ဆောင်ရွက်မှုကြောင့် လမ်းမကြီးကို တစ်စုံတစ်ရာပျက်စီးစေပါက လမ်းဦးစီးဌာနက သတ်မှတ်ထားသည့် တန်ဖိုးကို ပေးလျော်ရမည်။

<ပြင်ဆင် 13.08.2015>

## အခန်း (၆)
## ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း

၁၉။ လမ်းမကြီး၏နယ်နိမိတ်အတွင်း ကြော်ငြာဆိုင်းဘုတ်စိုက်ထူလိုသူသည် ခွင့်ပြုချက်ရရှိရန် ကြော်ငြာ ဆိုင်းဘုတ် နမူနာပူးတွဲ၍ သတ်မှတ်ချက်နှင့်အညီ မြို့နယ်လမ်းဦးစီးဌာနသို့ လျှောက်ထားရမည်။

<ပြင်ဆင် 13.08.2015>

၂၀။ (က) မြို့နယ်လမ်းဦးစီးဌာနသည် နည်းဥပဒေ ၁၉ အရ လျှောက်ထားချက်ကို စိစစ်ပြီး မိမိ၏ လုပ်ပိုင်ခွင့်အတွင်းဖြစ်ပါက ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ မိမိ၏ လုပ်ပိုင်ခွင့်အတွင်း မဟုတ်ပါက ခရိုင်လမ်းဦးစီးဌာနသို့ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည်။

(ခ) ခရိုင်လမ်းဦးစီးဌာနသည် မြို့နယ်လမ်းဦးစီးဌာနက နည်းဥပဒေခွဲ (က) အရ ဆက်လက် တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

<ပြင်ဆင် 13.08.2015>

၂၁။ ကြော်ငြာဆိုင်းဘုတ်စိုက်ထူရန်အတွက် သက်ဆိုင်ရာလမ်းဦးစီးဌာန၏ ခွင့်ပြုချက် ရရှိသူသည် လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကြော်ငြာဆိုင်းဘုတ်ခွန်ကို ပေးဆောင်ရမည်။

<ပြင်ဆင် 13.08.2015>

၂၂။ လမ်းဦးစီးဌာနသည် အစိုးရဌာန၊ အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းအတွက် ဖြစ်စေ၊ ဘာသာရေး သို့မဟုတ် လူမှုရေးကိစ္စများအတွက် ဖြစ်စေ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်းအတွက် ကျသင့်သည့် ကြော်ငြာဆိုင်းဘုတ်ခွန်ကို ကင်းလွတ်ခွင့်ပြုနိုင်သည်။

<ပြင်ဆင် 13.08.2015>

## အခန်း (၇)

## လမ်းမကြီးပေါ်တွင် မောင်းနှင်သွားလာနိုင်သည့် ယာဉ်နှင့် ဘီးအမျိုးအစားများ၊ ယာဉ်နှင့် ဝန်တင်အလေးချိန်များ၊ လှည်းနှင့် ဘီးကွပ်များသတ်မှတ်ခြင်း

၂၃။ လမ်းမကြီးပေါ်တွင် မောင်းနှင်သည့် နှစ်ဘီးတပ်ယာဉ်များ၏ တာယာအတိုင်းအတာများမှာ အောက်ပါအတိုင်းဖြစ်စေရမည်-

(က) စက်တပ်ယာဉ် (မော်တော်ဆိုင်ကယ်) ဖြစ်ပါက တာယာအကျယ် (အနံ) သည် ၂ ၁/၂” ထက် မငယ်ရ။

(ခ) ၁/၂ တန်ထက် မပိုသည့်ယာဉ် (ဘေးတွဲယာဉ်၊ နောက်တွဲယာဉ်) ဖြစ်ပါက တာယာအကျယ် (အနံ) သည် ၃ ၁/၂ ” ထက် မငယ်ရ။

(ဂ) ၁/၂ တန်ထက်ပိုပြီး ၁ တန်ထက်မပိုသည့်ယာဉ် (နောက်တွဲယာဉ်) ဖြစ်ပါက တာယာအကျယ် (အနံ) သည် ၆” ထက် မငယ်ရ။

(ဃ) ၁ တန်ထက် ပိုပြီး ၁ ၁/၂ တန်ထက် မပိုသည့်ယာဉ် (နောက်တွဲယာဉ်) ဖြစ်ပါက တာယာအကျယ် (အနံ) သည် ၇ ” ထက် မငယ်ရ။

၂၄။ လမ်းမကြီးပေါ်တွင် မောင်းနှင်သည့် အလေးချိန် ၁ တန်နှင့် အထက် တင်ဆောင်နိုင်သည့် ယာဉ်များ ၏ တာယာအတိုင်းအတာများမှာ အောက်ပါအတိုင်းဖြစ်စေရမည်-

(က) ယာဉ်၏ဝင်ရိုး ဝန်ထမ်းအလေးချိန် ၁ ၁/၂ တန်ထက် မပိုသည့်ယာဉ်ဖြစ်ပါက တာယာအကျယ် (အနံ) သည် ၆ ” ထက် မငယ်ရ။

(ခ) ယာဉ်၏ဝင်ရိုး ဝန်ထမ်းအလေးချိန် ၁ ၁/၂ တန်ထက် ပိုပြီး ၂ တန်ထက် မပိုသည့် ယာဉ်ဖြစ်ပါက တာယာအကျယ် (အနံ) သည် ၇” ထက် မငယ်ရ။

(ဂ) ယာဉ်၏ဝင်ရိုး ဝန်ထမ်းအလေးချိန် ၂ တန်ထက်ပိုပြီး ၅ တန်ထက် မပိုသည့် ယာဉ်ဖြစ်ပါက တာယာအကျယ် (အနံ) သည် ၈” ထက် မငယ်ရ။

(ဃ) ယာဉ်၏ဝင်ရိုး ဝန်ထမ်းအလေးချိန် ၅ တန်ထက်ပိုပြီး ၇ တန်ထက် မပိုသည့် ယာဉ်ဖြစ်ပါက တာယာအကျယ် (အနံ) သည် ၉” ထက် မငယ်ရ။

(င) ယာဉ်၏ ဝင်ရိုး ဝန်ထမ်းအလေးချိန် ၇ တန်ထက်ပိုပြီး ၈ တန်ထက် မပိုသည့် ယာဉ်ဖြစ်ပါက တာ ယာအကျယ် (အနံ) သည် ၁၀” ထက် မငယ်ရ။

(စ) ယာဉ်၏ ဝင်ရိုး ဝန်ထမ်းအလေးချိန် ၈ တန်ထက်ပိုသည့်ယာဉ် ဖြစ်ပါက တာယာအကျယ် (အနံ) သည် ၁၁” ထက် မငယ်ရ။

၂၅။ လှည်းများဖြတ်သန်းသွားလာရမည့် လမ်းခရီး၌ လျှိုမြောင်၊ ချောက်ကမ်းပါး သို့မဟုတ် ချောင်း တည်ရှိနေသည့် အခြေအနေမှအပ လမ်းမကြီးပေါ်တွင် လှည်းကိုမောင်းနှင်ခြင်း မပြုရ။ လျှိုမြောင်၊ ချောက်ကမ်းပါး သို့မဟုတ် ချောင်းတည်ရှိနေလျှင်မူ ယင်းတည်ရှိနေသောနေရာကို ရှောင်ရှားဖြတ်ကျော်နိုင်ရန်အလို့ငှာ လမ်းမကြီးပေါ်တွင်လှည်းဘီး၌ တာယာအုပ်ထားသည့်

လှည်း သို့မဟုတ် မော်တော်ကား တာယာဘီး တပ်ဆင်ထားသည့် လှည်းကိုသာ မောင်းနှင်နိုင်သည်။

## အခန်း (၈)

## တားမြစ်ချက်များနှင့် အရေးယူခြင်း

၂၆။ မည်သူမျှ လမ်းဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ–

(က) လမ်းမကြီးကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း မပြုရ။

(ခ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း မပြုရ။

(ဂ) လမ်းမကြီး၏နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း မပြုရ။

<ပြင်ဆင် 13.08.2015>

၂၇။ မည်သူမျှ–

(က) လမ်းမကြီး ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများကို လမ်းဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသူများအား နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့် တားခြင်း မပြုရ။

(ခ) လမ်းမကြီး၏နယ်နိမိတ်အတွင်း သက်ဆိုင်ရာ လမ်းဦးစီးဌာန၏ ခွင့်ပြုချက် မရှိဘဲ သစ်ပင်သီးနှံများကို စိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း မပြုရ။

(ဂ) လမ်းမကြီးများပျက်စီးခြင်းမှ ကာကွယ်ရန် သက်ဆိုင်ရာ လမ်းဦးစီးဌာနက ပစ္စည်းနှင့်သစ်ပင်များကို ရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုရ။

(ဃ) လမ်းမကြီး တာဘောင်တစ်လျှောက် ရေမြောင်းကို တာပိတ်ဆို့၍ ရေလှောင်ခြင်း မပြုရ။

(င) နည်းဥပဒေ ၂၃ နှင့် ၂၄ တို့တွင် သတ်မှတ်ထားသည့် ယာဉ်နှင့် ယှဉ်တွဲဖော်ပြထားသည့် တာယာ အကျယ် (အနံ) ထက် ငယ်သော တာယာတပ်ဆင်ထားသည့် ယာဉ်ကို မောင်းနှင်ခြင်း မပြုရ။

(စ) လမ်းမကြီး၏ လမ်းမျက်နှာပြင်ပေါ်တွင် သံဘီးကွပ်ထားသည့် လှည်းကို မောင်းနှင်ခြင်း မပြုရ။

(ဆ) လမ်းမကြီးဘေးတွင် လှည်းများဖြတ်သန်းသွားလာရမည့် လမ်းခရီး၌ လျှိုမြောင်၊ ချောက်ကမ်းပါး သို့မဟုတ် ချောင်းတည်ရှိနေသဖြင့် လမ်းမကြီးပေါ်တွင် လှည်းကို မလွှဲမရှောင်သာမောင်းနှင်ရသည့်အခါ နည်းဥပဒေ ၂၅ တွင် သတ်မှတ်ထားသော ဘီးမှအပ အခြားဘီးတပ်ဆင်ထားသည့်လှည်းကို မောင်းနှင် ခြင်း မပြုရ။

(ဇ) လမ်းမကြီး၏ လမ်းမျက်နှာပြင်ပေါ်တွင် သံချိန်း သို့မဟုတ် သံသွား တပ်ဘီး တပ်ဆင်ထားသည့် ယာဉ်ကိုလည်းကောင်း၊ ရှေ့ဘီးယက်ဖောင်းပါသော တာယာဘီး တပ်ဆင်ထား

သည့်ယာဉ်ကိုလည်းကောင်း၊ လမ်းမကြီးပေါ်တွင် မောင်းနှင်ခွင့်မရှိဟုသတ်မှတ်ထားသော တာယာဘီး တပ်ဆင်ထားသည့် ယာဉ်ကို လည်းကောင်း မောင်းနှင်ခြင်း မပြုရ။

<ပြင်ဆင် 13.08.2015>

၂၈။ မည်သူမျှ-

(က) လမ်းမကြီး၏မျက်နှာပြင်ပေါ်တွင် ယာဉ်သွားလမ်းကိုပိတ်ဆို့ခြင်း၊ ယာဉ်သွားလာမှုကို အနှောင့်အယှက် ဖြစ်စေနိုင်သည့် သို့မဟုတ် ဘေးအန္တရာယ်ကျရောက်စေနိုင်သည့် ပစ္စည်းကို တမင်ထားရှိခြင်း မပြုရ။

(ခ) လမ်းမကြီးရှိ မိုင်တိုင်၊ လမ်းနယ်နိမိတ်မှတ်တိုင်၊ လမ်းညွှန်အမှတ်အသားနှင့် သတိပေး ဆိုင်းဘုတ် များကို ဖျက်ဆီးခြင်း သို့မဟုတ် ပြောင်းလဲခြင်း မပြုရ။

(ဂ) လမ်းမကြီး၏နယ်နိမိတ်အတွင်း သက်ဆိုင်ရာလမ်းဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ မြေ၊ အုတ်၊ သဲ၊ ကျောက်၊ ကျောက်စရစ် သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကိုစုပုံထားရှိခြင်း၊ မြေကိုတူးဆွခြင်း၊ တူးယူခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် မြေအနေအထားပြောင်းလဲစေခြင်း မပြုရ။

(ဃ) လမ်းမကြီး၏နယ်နိမိတ်အတွင်း သက်ဆိုင်ရာလမ်းဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း မပြုရ။

<ပြင်ဆင် 13.08.2015>

၂၉။ မည်သူမျှ-

(က) လမ်းမကြီး၏လမ်းမျက်နှာပြင်ပေါ်တွင် တိရစ္ဆာန်များကို မောင်းနှင်ခြင်း၊ ဆွဲယူခြင်း၊ စီးနင်းခြင်း၊ ချည်ထားခြင်း၊ ထိန်းကျောင်းခြင်း၊ လွှတ်ကျောင်းခြင်း မပြုရ။

(ခ) လမ်းမကြီး၏နယ်နိမိတ်အတွင်း သက်ဆိုင်ရာ လမ်းဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တိရစ္ဆာန် မွေးမြူခြင်း မပြုရ။

(ဂ) လမ်းမကြီး၏ လမ်းမျက်နှာပြင်ကို ထိခိုက်စေမည့် သစ်တုံး၊ ဝါးစည်း၊ သစ်ပင်၊ သစ်ကိုင်းများ သို့မဟုတ် လယ်ယာသုံးကိရိယာများအား ဆွဲယူခြင်း မပြုရ။

(ဃ) လမ်းမကြီး၏ လမ်းမျက်နှာပြင်နှင့် လမ်းပခုံးကို ဖျက်ဆီးခြင်း၊ ဖြိုဖျက်ခြင်း၊ ပိုင်းဖြတ်ခြင်း သို့မဟုတ် အရှိန်သတ်ခုံးငယ်များ ပြုလုပ်ခြင်း မပြုရ။

(င) လမ်းမကြီး၏ လမ်းမျက်နှာပြင်နှင့် လမ်းပခုံးပေါ်တွင် ယာဉ်ကို လိုအပ်သည်ထက်ပို၍ အချိန်ကြာ မြင့်စွာရပ်နားထားခြင်း သို့မဟုတ် ရပ်တန့်ပြုပြင်ခြင်း မပြုရ။

(စ) လမ်းမျက်နှာပြင်၊ လမ်းပခုံးနှင့် တံတားလက်ရန်းများတွင် ယာဉ်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေမည့်ပစ္စည်း တစ်စုံတစ်ရာကို နေလှန်းခြင်း၊ ထားရှိခြင်း မပြုရ။

(ဆ) လမ်းမကြီးများ ပျက်စီးခြင်းမှ ကာကွယ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လမ်းဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် တားမြစ်ချက်များကို ဖောက်ဖျက်ခြင်း မပြုရ။

<ပြင်ဆင် 13.08.2015>

၃၀။ မည်သူမဆို–

(က) နည်းဥပဒေ ၂၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက လမ်းမကြီးများ ဥပဒေပုဒ်မ ၇ အရ အရေးယူခြင်း ခံရမည်။

(ခ) နည်းဥပဒေ ၂၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက လမ်းမကြီးများ ဥပဒေပုဒ်မ ၈ အရ အရေးယူခြင်း ခံရမည်။

(ဂ) နည်းဥပဒေ ၂၈ နှင့် ၂၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက လမ်းမကြီးများ ဥပဒေပုဒ်မ ၉ အရ အရေးယူခြင်း ခံရမည်။

## အခန်း (၉)

## အထွေထွေ

၃၁။ လမ်းဦးစီးဌာနသည် လမ်းမကြီး၏ နယ်နိမိတ်အတွင်း တစ်စုံတစ်ရာဖောက်လုပ်ရန်၊ ဆောက်လုပ်ရန်နှင့် အဆောက်အအုံဆောက်လုပ်ရန် ခွင့်ပြုခြင်းအတွက်လည်းကောင်း၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူရန် ခွင့်ပြုခြင်းအတွက်လည်းကောင်း သက်ဆိုင်ရာလမ်းဦးစီးဌာန အဆင့်ဆင့် အလိုက် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

<ပြင်ဆင် 13.08.2015>

၃၂။ လမ်းဦးစီးဌာနသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာလမ်းဦးစီးဌာနကိုဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့ အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဖြစ်စေ လွှဲအပ်တာဝန်ပေးနိုင်သည်။

<ပြင်ဆင် 13.08.2015>

၃၃။ သက်ဆိုင်ရာ လမ်းဦးစီးဌာနသည် လမ်းမကြီးများ ရေရှည်တည်တံ့နိုင်ရန်အလို့ငှာ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် လိုအပ်သလိုပြုပြင်ခြင်း၊ ကြပ်မတ်ခြင်း၊ တားဆီးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့နှင့်ညှိနှိုင်းပြီး အကူအညီကို ရယူ နိုင်သည်။

<ပြင်ဆင် 13.08.2015>

ဗိုလ်ချုပ် စောထွန်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။